
ခုန်နေသော နှလုံးသား
by
dreamy
ချစ်ခြင်းတရားရဲ့အဆုံးသတ်မှာ
ဆုံဆည်းခွင့်ရှိနိုင်ပါ့လား . . .

# ခုန်နေသော နှလုံးသား

ဘယ်သူမဆိုအချစ်တွေရှိကြတာပဲ

အချစ်ဆိုတာကြီးကို ပုံဖော်ဖို့ လိုသေးလား။

ယောကျ်ား မိန်းမ ချစ်မှ အချစ်လား ...

ဒါဆို သားသမီးနဲ့ မိဘ၊ မောင်နှမ တွေရော ချစ်လို့ မရဘူးလား။

ထပ်မေးမယ်

လိင်တူ ချစ်တာရော အချစ် မဖြစ်နိုင်ဘူးလား ...

ဖြူစင်နေတဲ့ အချစ်ကို လူတိုင်းကသူတို့ လိုချင်ကျတဲ့ ပုံစံဖြစ်အောင် ဆွဲသွင်းချင်ကြတယ်

သူမက ကျွန်မအတွက် အရာရာထက် အရေးကြီးဆုံးပါ

စွန့်လွှတ်ဖို့ ချစ်ခဲ့တာ မဟုတ်ဘူး

ဒါပေမဲ့ ... သူမအတွက် ဆိုရင် ပေးဆပ်ရခြင်း၊ စွန့်လွှတ်ရခြင်း တွေနဲ့ ပါ

မွေ့လျော် နေတက်သူပါ

အိမ့်မှူးချယ်

အဆင်ပြေချင် ယောင်ဆောင်နေရတာ တကယ့်ကိုပင်ပန်းနေပြီ ... မ

မကိုရွေးပြီး လိုက်ကတည်းက မ ထက်ကောင်းတဲ့ အရာတွေ ရှိရင်တောင် မ ကိုပဲ ရွေးမယ်

ချို

ချစ်ခြင်းတရားရဲ့ အဆုံးသတ်မှာ ဆုံစည်းခွင့် ရှိနိုင်လား။

## Ep 1

"ကိုယ့်ကို ပြန်စဉ်းစားပေးပါ ခိုင်ရယ်"

"ခိုင်မှာ လည်း သမီးလေး ရှိသေးတာပဲ ကိုယ့်အတွက် မဟုတ်ရင် သမီးလေး ရှေ့ရေးအတွက် ထည့်စဉ်းစားပါ။ ကိုယ့်က ခိုင်ရော သမီးလေး ချို ရောပါ စောင့်ရှောက် ပေးမှာ ပါ ... ချိုလည်း ဆယ်ကျော်သက် အရွယ် ဖြစ်နေပြီလေ"

"သမီးလေး အတွက်ပဲဖြစ်ဖြစ် ကိုယ့်ကို စဉ်းစားပေးလား"

"ခဏ ... ခဏလေး စောင့်ပါဦး ကို"

"ခိုင် သမီးလေးကို မေးကြည့်ပါဦးမယ်။ ခိုင်မှာ က ဒီသမီးလေး

တစ်ယောက်ပဲ ရှိတာလေ သမီးလေး စိတ်မချမ်းမြေ့ ဖြစ်မှာ ကို စိတ်ပူတယ်။ ပြီးတော့ ကို့မှာ လည်း သမီးနှစ်ယောက် ရှိသေးတယ်မလား"

"ကို့ရဲ့ သမီးနှစ်ယောက်က ခိုင်တို့ သားအမိကို ကြည်ဖြူ ပါ့မလား ... "

"အဲ့အတွက် လုံးဝ စိတ်မပူပါနဲ့ ခိုင်"

"ကို့သမီးတွေက သူတို့ အမေ စွန့်ပစ်ခြင်း ခံရတော့ လိမ္မာရေးခြား မရှိပေမဲ့ အေးအေးဆေးဆေး နေတက်ကြတယ်။ ချိုကို အနိုင်မကျင့် စေရပါဘူး ... အဲ့အတွက် ကိုယ့်ကို ယုံပေးနော်"

လိုက်ကာနောက် ကနေ ရပ်ပြီး ဧည့်ခန်းထဲရှိ သူမ အမေနှင့် ဦးလေးကြီး တစ်ယောက်နဲ့ စကားပြော နေတာကို နားထောင်ပြီး သူမ မျက်နှာလေး ညှိုးငယ်သွား၏။ အမေ နောက်အိမ်ထောင်ပြုလျှင် သူ့ကို ဂရုမစိုက်တော့မှာ ကြောက်သည် ။ အမေ သူ့ကို သိပ်ချစ်တာ သိသည် ။ အခုတောင် အမေက သမီးလေး စိတ်မချမ်းမြေ့မှာ စိုးလို့ ဆိုပြီး စိုးရိမ်နေသည် ။ အမေစိတ်ကို နားလည်ပေမဲ့ ကျွန်မတို့ သားအမိ နှစ်ယောက်ရဲ့ ပျော်ရွှင်နေတဲ့ ဘဝလေးကို သူစိမ်းတွေကြောင့် ပျက်စီးသွားမှာ ကို စိုးရိမ်မိသည် ။

လိုက်ကာဘေးက နံရံမှာ မှီထိုင်လိုက်ကာ စကားပြော နေတာကို ဆက်နားထောင် နေသည် ။

"သမီးကြီးက သူ့ရဲ့ အလုပ်နဲ့ ညီမက လွဲရင် တခြား ဘာကိုမှ စိတ်ဝင်စားတာ မဟုတ်ဘူး ။ ချယ်ကြတော့ အဖေအကြောင်း မပြောနဲ့ သူ့အစ်မကိုတောင် အရေးစိုက်တာ မဟုတ်ဘူး ခိုင်ရဲ့ ... သူတို့ နှစ်ယောက်လုံးကို စောင့်ရှောက် ပေးနိုင်မယ့် အမေတစ်ယောက်ကို လိုချင်တယ် ခိုင်"ဟု ပြောပြီး စုထားတဲ့ လက်နှစ်ဖက်ကို ယူကာ ဖွဖွ ဆုပ်ကိုင်လိုက်

သည် ။

"ဟုတ်ပါပြီ ကို ... သမီးလေးကို အရင်ပြောကြည့် ချင်သေးတယ်။ ပြီးတော့ ကို့ရဲ့ သမီးနှစ်ယောက် ကိုလည်း အရင်ပြောပါဦး"

"အင်း ... ကိုယ့်ကို အခုလို နားလည်ပေးလို့ ဝမ်းသာမိတယ်"

သူတို့ စကားပြောလို့ ပြီးပြီထင်တဲ့ အချိန်မှ ချို နေရာမှ ထလိုက်ပြီး သူ့အခန်းထဲသာ ပြေးဝင် သွားလိုက်၏။ အခန်းထဲ ရောက်တော့ စားပွဲပေါ်မှာ တင်ထားတဲ့ ဓာတ်ပုံဘောင်လေး တစ်ခု အဖေရယ် အမေရယ် အငယ်တုန်းက သူမလေးရယ် တွဲရိုက်ထားတဲ့ ဓတ်ပုံလေးကို ယူကြည့် နေမိ၏။

အဖေက သူငယ်ငယ်လေး ထဲက ဆုံးသွားတာမို့ အဖေမျက်နှာကို မမှတ်မိပေမဲ့ ဓာတ်ပုံကို နေ့တိုင်း ကြည့်နေတာကြောင့် ဓာတ်ပုံထဲမှာ သူ့ကိုချီပြီး ရယ်နေတဲ့ လူဟာ အဖေလို့ သာ သိသည် ။ သူ့အဖေရဲ့ ပုံစံကို လုံးဝ မမှတ်မိပါ။ သူသိတတ်စ အရွယ်တည်းက အမေဟာ ပင်ပင်ပန်းပန်း အလုပ်လုပ် နေရ၏။

ဓာတ်ပုံဘောင်ကို ရင်ဘတ်မှာ ပိုက်လိုက်ပြီး ဆုံးဖြတ်ချက် တစ်ခုခု ချရမည်ဟု သက်ပြင်းချကာ ဗီရိုကို အကြည့် ရောက်သွား၏။

"မေမေ ... ဘာလို့ ထမင်းမစား တာလဲ နေမကောင်းလို့ လား၊ ဒါမှမဟုတ် ချိုတခြား တစ်ခုခု ပြင်ပေးရမလား"

"မဟုတ်ပါဘူး မေမေ နေကောင်းပါတယ်"ခေါင်းငုံ့ကာ ထမင်းစားနေတဲ့ သူ့သမီးကို ကြည့်လိုက်ပြီး

"ချို"

"မေ သမီးကို ပြောစရာ ရှိတယ်"

ဘေးမှာ ချထားတဲ့ ရေခွက်ကို ယူလိုက်ကာ"မေ ယောက်ျား ယူတော့ မလို့ မလား"

"ဟင်"

"သမီးက ဘယ်လိုသိတာလဲ"

"နေ့လယ်က မေတို့ စကားပြောတာ ကြားလိုက်လို့ ပါ"

"မေမေ တောင်းပန်ပါတယ် သမီးလေး ... မေ့မှာ က ဒီသမီးလေး တစ်ယောက်ပဲရှိတာ သမီးလေး စိတ်မချမ်းသာ ဖြစ်မှာ ကို မေ မလုပ်ပါဘူး။ သမီးလေး ပျော်ရွှင် နေတာကိုပဲ မြင်ရင် ကျေနပ်ပါတယ်"

မေတောင် သမီး စိတ်ဆင်းရဲမှာ ကို ကြောက်တာ သမီးလည်း မေ မပျော်ရွှင် ဖြစ်မှာ ကို မကြည့်ရက်ပါဘူး။ မေနဲ့ သမီး ဘဝထဲကိုလည်း ဘယ်သူမှ မဝင်လာ စေချင်ဘူး ... ဒါပေမဲ့ မေ ဆက်ပြီး ပင်ပန်း နေမှာ ကိုလည်း မကြည့်ရက်ဘူး။

"သမီးက အဆင်ပြေပါတယ် ... နောက်ပြီး မေ့ကို ပင်ပင်ပန်းပန်းနဲ့ မနေစေချင်တော့ဘူး"

"ဒါဆို သမီးက မေတို့ ကို လက်ခံပေးတယ် ပေါ့နော်"

ချို သူ့အမေကို ခါးကို လှမ်းဖက်လိုက်ကာ"မေ့ကို အေးအေးချမ်းချမ်းနဲ့ နေစေချင်တယ် ... ပြီးတော့ ဦးကိုလည်း တွေ့ချင်တယ် နေ့လယ်က အသံပဲ ကြားလိုက်တယ် လူကို မမြင်လိုက်ဘူး"

"ဟီးဟီး ..."

"အင်းပါ ... မေမေ နောက်တော့ မိတ်ဆက်ပေးပါ့မယ်"

***

တောင် တောင် တောင် ...

"ကျောင်းဆင်းပြီ"

"ကဲ ကဲ ... မဆူနဲ့ ဦး ကျောင်းဆင်းလို့ မရသေးဘူး။ စာမေးပွဲ အမှတ်စာရင်းတွေ ထွက်ပြီ"

"ဟင်း ... အစောကြီးပဲ"

"ကဲ ... တိတ်မယ်လို့ ပြောနေတယ်။ အဆင့် ၁ ကိုပြောမယ်"

"ပြည့်ဖြိုးအောင်"

"ဘာလဲ ... အဆင့်၁က အိမ့်မှူးချယ် မဟုတ်တော့ ပြန်ဘူးလား"

"သူတို့ နှစ်ယောက်က သူငယ်ချင်းတွေ မဟုတ်ဘူး လား ... နှစ်ယောက်က ပြိုင်နေကြ သလိုပဲ"

ထုံးစံအတိုင်း အဆင့်ထွက်ပြီ ဆိုတာနဲ့ ပေါက်ပေါက်ဖောက် နေကြပြန်သည် ။

"အောင်ကြီး လုပ်လိုက်တော့"

သူ့ဘေးနားက သူငယ်ချင်းတွေ ပြောတာကို အာရုံ မရောက်ဘဲ သူနဲ့ ဆန့်ကျင်ဘက် တစ်နေရာ အခန်းရဲ့ နောက်ဆုံး ပြတင်းပေါက်မှာ ထိုင်နေတဲ့ ချယ်ဆီ အကြည့် ရောက်သွား၏။

"ဟဲ့ယောင်... ငါတို့ ပြောတာ နားထောင်နေရဲ့ လား။ သူဘယ်သူ့ကို ကြည့်နေတာလဲ"

ကျစ် ...

ချယ် အမှတ်စာရင်းကို ကြည့်လိုက်ပြီး စုတ်တစ်ချက် သပ်လိုက်သည်။ ၂တဲ့ လား အိမ်ရောက်ရင် နားငြီးဦးမယ် ထင်တယ် ...

"အိမ့်မှူးချယ်"

"အိမ့်မှူးချယ်"

ဆရာမ ခေါ်နေတာကို မကြားဘဲ အမှတ်စာရင်း ကိုသာ အာရုံရောက်နေတဲ့ ချယ်ကို ဘေးက ဝတ်ဆံ လက်တို့လိုက်၏။

"ချယ် နင့်ကို ဆရာမ ခေါ်နေတယ်လေ"

"ဟင် ... အင်း"

"အိမ့်မှူးချယ် ဒီတစ်ခါ ထိုင်ရက်နဲ့ အိပ်ပျော် နေတာလား"ဆရာမ အပြောကြောင့် တစ်ခန်းလုံး ထရယ်လိုက်သည်။

( ဟားဟားဟား ... )

"ကဲ ပြန်တိတ်မယ်"

"နင် ကျောင်းမဆင်းနဲ့ဦး ငါ့ရုံးခန်း လိုက်ခဲ့ ... ကြားလား အိမ့်မှူးချယ်"

"ဟုတ်ကဲ့"

"ကျောင်းဆင်းလို့ ရပြီ အမှတ်စာရင်းတွေ ဒီနေ့အိမ်မှာ ပြပြီး မနက်ဖြန် ပြန်ယူခဲ့ပါ"

"အိုး ... တော်လိုက်တာ"

တစ်ခန်းလုံးရဲ့ queen လို့ သတ်မှတ် ထားခံရတဲ့ သူမက ပြည့်ဖြိုး

အောင်ကို ချီးမွမ်းခန်း ဖွင့်နေသည် ။

"ပြည့်ဖြိုးအောင်က စာလည်း တော်တယ်၊ ရုပ်လည်း ချောတယ်၊ စိတ်ထားလည်း ကောင်းတယ် သူ့ကိုသာ ချစ်သူတော် ရရင်တော့လေ ... "

"လွှာ နင်ကလည်း အဲ့လောက်လည်း မြှောက်မနေပါနဲ့ ဟာ"

***

ဒေါက် ဒေါက် ...

"ဝင်ခဲ့"

ဝင်ခဲ့ဆိုတဲ့ ဆရာမ အသံကြောင့် ချယ်ရုံးခန်း တံခါးကို ပြန်ပိတ်ပြီး ဆရာမအနား ရောက်သွားသည် ။

"ချယ် နင့်အမှတ်တွေ ကြည့်ပြီးပြီးလား"

"ကြည့်ပြီးပါပြီ တီချယ်"

"နောက်ဆို စာသင်နေရင် အိပ်မနေနဲ့ အခု နင့်အစ်မဆီ အမှတ်စာရင်းကို mail နဲ့ ပို့ပြီးသွားပြီ။ မင်းကြိုးစားပါ နောက်တစ်ကြိမ် အဲ့လို မမြင်ချင်ဘူး။ ခုတော့ ပြန်လို့ ရပြီ"

ချယ် ခေါင်းညိတ်ပြကာ ရုံးခန်းထဲက ပြန်ထွက်လာသည် ။ ချယ် ပြန်ထွက် လာလာချင်း ရုံခန်းရှေ့ ရောက်နေတဲ့ ပြည့်ဖြိုးအောင်နှင့် တွေ့သဖြင့် လက်ပိုက်ကာ သူ့ရှေ့ကနေ ထွက်သွားသည် ။

"ချယ်"

ပြည့်ဖြိုးအောင် သူ့ရှေ့ကနေ ဖြတ်လျှောက်သွားတဲ့ ချယ်ကို ခေါ်လိုက်ပေမဲ့ သူလှည့်မကြည့်ပေ။ အမြဲ ခေါ်မရတဲ့ သူမကြောင့် ပြည့်ဖြိုးအောင် စိတ်မရှည် ဖြစ်ရ၏။ အဲဒါကြောင့် ခေါ်နေတာ မကြားချင် ယောင်ဆောင်သွားတဲ့ သူမနောက်ကို အမီလိုက်ပြီး လက်ပိုက်ကာ လျှောက်သွားတဲ့ သူမလက်မောင်းကို မိအောင် ဖမ်းကိုင်လိုက်သည် ။

"ချယ်"

"ဘာလုပ်တာလဲ"

"ငါနဲ့ စကား ခဏပြောရအောင်"

ချယ် သူ့လက်ကို ခါထုတ်ပေမဲ့ မရ"င့ါမှာ ပြောစရာ မရှိဘူး င့ါလက်ကိုလွှတ်"

ပြည့်ဖြိုးအောင် ချယ့်လက်ကို မလွှတ်ဘဲ ဆွဲခေါ်သွားရာ သူ့သွားရာနောက် သူမ ပါလာသည် ။

"ဟဲ့"

"ကျောင်းဆင်း နေပြီလေ ဘယ်ကို သွားနေတာလဲ။ ရပ်စမ်း ... ရပ်စမ်းလို့ ပြောနေတယ်လေ ပြည့်ဖြိုးအောင်"

သူသွားရာနောက်ကို ချယ်ပါလာရင်း အခန်းလွတ် စာသင်ခန်းထဲ ဝင်သွားသည် ။ အခန်းလွတ်ထဲ ရောက်သွားမှ ချယ်လက်ကို လွှတ်ပေးလိုက်သည် ။

"ဘာလဲ နင်က"

"ချယ် ... င့ါကို စိတ်ဆိုးနေတာ ငါဒီတစ်ခေါက် အဆင့် ၁ ဖြစ်သွားလို့ လား"

ချယ်စာသင်ခန်း ထဲက စားပွဲခုံ တစ်လုံးတွင် ကိုယ်လေးကို မှီလိုက်ရင်း ပြည့်ဖြိုးအောင်ကို စိုက်ကြည့်လိုက်သည် ။

"၁ ဆိုတဲ့ နေရာကို နင်မဟုတ်လို့ ဘယ်သူပဲဖြစ်ဖြစ် ငါတော့ စိတ်မဝင်စားဘူး။ နင့်သာ ယောကျ်ားလေး တန်မဲ့ မိန်းကလေးနဲ့ လိုက်ပြိုင်နေတာ။ နောက်ပြီး နင်သိပါတယ် ငါတို့ နှစ်ယောက်က စကားရပ်ပြော နေရမယ့် ဆက်ဆံရေးမျိုး မဟုတ်ဘူး နော်"

"အခုက နင်ပျော် နေတာကို ငါ့ကို ခေါ်ပြချင်လို့ လား"

" မဟုတ်ဘူး ချယ်" လို့ ပြောပြီး အနားတိုးကပ် လာတဲ့ သူက ချယ်ရှေ့ တည့်တည့်မှာ ရပ်လိုက်သည် ။

"ငါ နင်နဲ့ သူငယ်ချင်း ပြန်ဖြစ်ချင်တယ် ချယ်"

"ငါတော့ မလုပ်ချင်ဘူး။ ငါ ... ဘယ်သူနဲ့ မှ အပေါင်းသင်း မလုပ်ချင်တော့ဘူး"

"ဖယ်တော့"

သူ့ရှေ့မှာ ရပ်နေတဲ့ ပြည့်ဖြိုးအောင်ကို တွန်းဖယ်လိုက်ပြီး အရင်ဦးအောင် ထွက်သွားသည် ။

ငါ နင်နဲ့ သူငယ်ချင်း ဖြစ်ခဲ့တာကို မေ့ပစ်မယ်။ ပျော်ရွှင်ခဲ့တဲ့ အမှတ်တရ တွေကို သတိ မရတော့ဘူး။

ဒီမိသားစု ပြဿနာကြောင့် ပဲ ငါတို့ နှစ်ယောက်ကြား မတူညီမှုတွေ ဘယ်တော့မှ ပြင်လို့ ရမှာ မဟုတ်ဘူး ။

မဟုတ်ဘူး ငါဘယ်တော့မှ ပြင်မှာ မဟုတ်ဘူး ။

ပြည့်ဖြိုးအောင် ကျောင်းထဲက ထွက်လာစဉ် ချယ်အိမ်မှ ချယ်ကိုလာ

ကြိုတဲ့ ကားကိုတွေ့လိုက်သည် ။

ကားရှေ့ ရပ်စောင့်နေတဲ့ ကားသမားလည်း ပြည့်ဖြိုးအောင်ကို မြင်သွားကာ သူ့နား လျှောက်သွားလိုက်၏။

"အစ်ကိုလေး ပြည့်ဖြိုးအောင်"

"အစ်ကိုလေး ထွက်လာတော့ ကျွန်တော်တို့ မမလေးကို တွေ့မိလား ။ အထဲမှာ ကျောင်းသားတွေ ကုန်သလောက် ဖြစ်နေလို့ ပါ"

"ချယ် ဆင်းသွားတာ ကြာပြီ။ ဦးလေးတို့ ပြန်လိုက်ပါတော့"

"ဆင်းသွားပြန်ပြီလား ..."

"အစ်ကိုလေး အိမ်ပြန်တော့ မလို့ လား ကျွန်တော်တို့ လိုက်ပို့ပေးပါမယ်"

"ရတယ်ရတယ် ဦးလေး ကျွန်တော့် သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ "

***

"ကျစ် ..."

ခြူး အလုပ်မှ အိမ်ပြန် ရောက်ရောက်ချင်း ဒေါ်ကြီးတို့ က ချယ် ပြန်မရောက်သေးကြောင်း ပြောသည် ။ ပုံမှန်လည်း နောက်ကျနေတက်ပေမဲ့ ည၉ နာရီအထိတော့ နောက်မကျတက်ပေ။ မနက်ရောက်လာတဲ့ mail ကို သတိရသွားပြီးမှ စာကြည့်တိုက်ကို သတိရသွားသည် ။ သူမ ချယ်ကို ဖုန်းဆက် ပြန်တော့လည်း သူက ခြူးဖုန်းကို bl ထားသေးသည် ။ သူရှေ့လျှောက်လိုက် နောက်လျှောက်လိုက် လုပ်နေရင်း ဒေါ်ကြီးတို့ ကို

ဖုန်းဆက်ခိုင်း ရပြန်သည် ။

"ချယ်သွားနေကျ စာကြည့်တိုက်တွေ အကုန်လုံး ရှာကြည့်ပြီးပြီ၊ မရှိဘူးတဲ့ ခြူး"

"ဒုက္ခပါပဲ ဒီကောင်မလေး ဘယ်တွေ သွားနေလို့ ဒီလောက်အိမ်ပြန်နောက်ကျနေတာလဲ"

"ခြူးလေး ပင်ပန်းနေပြီ မဟုတ်လား။ နားလိုက်ပါတော့ ချယ်ကို ဒေါ်ကြီးတို့ ဆက်စောင့်လိုက်ပါမယ်"

ဒေါ်ကြီးရဲ့ ပြောတာကို ခေါင်းခါလိုက်ပြီး ခြူးပါ သွားရှာမယ်လို့ ပြောသည် ။ ခြူးပါ လိုက်ရှာမည် လုပ်နေစဉ် အိမ်ထဲဝင်လာတဲ့ ချယ်ကို ဒေါ်ကြီးက အရင် တွေ့သွားသည် ။

"ခြူး ချယ် ပြန်ရောက်ပြီ"

လွယ်အိတ်လေး တစ်ခြမ်းလွယ်ကာ အိမ်ထဲ ဝင်လာတဲ့ ချယ်က ဧည့်ခန်းထဲမှာ သူ့ကို စောင့်နေကြတဲ့ သူတွေကို တွေ့ပေမဲ့ မမြင်ဟန်ဆောင်ကာ အပေါ်တက်သွားဖို့ ပြင်လိုက်၏။

"ချယ်လေး ဘာလို့ အိမ်ပြန်နောက်ကျ နေတာလဲ။ ခြူးနဲ့ ဒေါ်ကြီးတို့က ဘယ်လောက် စိတ်ပူနေလဲ သိလား"

သူမ အပေါ်တက်ရန် ပြင်နေသည့် ခြေလှမ်းတွေ ရပ်တန့်လိုက်ကာ ဧည့်ခန်းထဲက ခြူးနဲ့ ဒေါ်ကြီးတို့ ကို စူးစိုက်ကြည့်လိုက်သည် ။

"ဘာလို့ ဒေါ်ကြီးတို့ က ချယ်ကို စိတ်ပူရတာလဲ။ တကယ်လို့ အိပ်ချင်နေရင်လည်း ကိုယ့်ဖာသာ အိပ်ကြပေါ့"

"အိမ်မှူးချယ်"

သူမ ပြောချင်တာ ပြောချပြီး အပေါ်တက်ရန် ပြန်ပြင်စဉ် ခြူးရဲ့ သူမ နာမည်ကို ခေါ်သံကို ကြားရပြန်သည် ။

"လူကြီးကို ဘယ်လိုတွေ ပြန်ပြောနေတာလဲ။ ငါ နင့်ကို ဘာမှ မ ပြောလို့ ရိုင်းပျ နေတာလား။

ဒေါ်ကြီးက နင် ငယ်ငယ်လေးထဲက စောင့်ရှောက်လာတာ နင်အဲလို မရိုင်းစိုင်းသင့်ဘူး။ ပြီးတော့ အိမ်ပြန် နောက်ကျတက်တဲ့ အကျင့်က ဘ ယ်က တက်လာပြန်တာလဲ"

"ပြောလို့ ပြီးပြီးလား အပေါ်တက်တော့မယ်"ပြောပြောပြီးချင်းပဲ အပေါ်ကို တက်သွားသည် ။

"ငါပြောလို့ မပြီးပြီးသေးဘူး ချယ်"

"ချယ် ..."

"ချယ် ..."

"အိမ်မှူးချယ်"သူ့ညီမကို ခေါ်ရင်းနဲ့ သူပါချယ် နောက်ကိုလိုက်လာ သည် ။

"ချယ် ..."

"နင့်အမှတ်က ဘယ်လို ဖြစ်တာလဲ"

ချယ်အခန်းထဲ ရောက်တော့ သူ့လွယ်အိတ်ကို ခုတင်ပေါ် ပစ်ချကာ လူပါ ထိုင်ချလိုက်သည် ။

"မြင်တဲ့ အတိုင်းပဲလေ"

"ဘာ"

ခြူးက သူ့ရဲ့ ပခုံးကို ဖိကိုင်လိုက်တော့ နာကျင်သွားတဲ့ ချယ်က ခြူး

ကို စိုက်ကြည့်လာ၏။

"ချယ် နင်ဘယ်လို ဖြစ်တာလဲ။ နင် တကယ်ပဲ ဟိုတစ်ယောက်ကို အနိုင် ပေးလိုက်တာလား"

"နင် ရူးနေလား။ နင့် လက်ကိုဖယ်"

"ချယ် ... ပြည်ဖြိုးအောင်ကို အနိုင် ပေးလိုက်တာလား။ နင်က မာမီကိုပေးတာ အားမရလို့ လား"

ခြူး ပြောလည်း ပြော ချယ်ကိုပါ စိုက်ကြည့်နေရင်း ခက်ထန်လှတဲ့ ချယ်မျက်လုံး အကြည့်တွေကြောင့် သူမအကြည့် လွှဲလိုက်ပြီး သူ့ပခုံးကို ဖိမိထားတာကိုပါ လွှတ်ပေးလိုက်သည် ။

"တော်ပြီ ... ထွက်သွားတော့။ ညီမ ပင်ပန်းနေပြီ"

"ပင်ပန်းတယ်။ အစ်မလည်း ပင်ပန်းနေပြီ။ အစ်မကိုလည်း နည်းနည်းဖြစ်ဖြစ် သနားဦး"

"ဒါဆို လက်လွှတ်လိုက်တော့ ... ကျွန်မကို"

"ဘာလဲ။ ချယ်က daddy နဲ့ မမကို ထားခဲ့ပြီး မာမီဆီ သွားမလို့ လား"

"သွားမယ်ဆိုရင် ထပ်ပြီးအခန်းထဲ ပိတ်ထားဦး မလို့ လား"

"ချယ် နင်သိပါတယ်။ ဒါတွေက ကြာလှပါပြီ။ ညီမလေး အနေနဲ့ မေ့ပျောက်သင့်နေပြီ"

"ဘယ်လိုလုပ် မေ့နိုင်မှာ လဲ နင်ရယ် daddy ရယ် ငါ့ကိုအခန်းထဲ ပိတ်ပြီးထားတာလေ။ အကုန်လုံး မနေ့တစ်နေ့က အတိုင်းပဲ။ ငါက တော့ အကုန်လုံးကို မုန်းတယ်။ ဒီအိမ်က လူတွေရော၊ မာမီကိုရော၊ ပြ

ည့်ဖြိုးအောင် ကိုရော အကုန်လုံး မုန်းတယ်။ အဲဒါကြောင့် လက်လွှတ်လိုက်တော့လို့ ပြောတာ"

"sorry ပဲ ချယ်။ နင့်က ငါ့ညီမမို့ ငါဘယ်တော့မှ လက်လျှော့မှာ မဟုတ်ဘူး ။ အနားယူတော့"

ပြောပြီး သူ့အခန်းထဲမှ ထွက်သွားတဲ့ ခြူးကို ကြည့်နေမိပြီး သက်ပြင်းချကာ အိပ်ရာပေါ် ပက်လက်လှဲလိုက်ပြီး မျက်နှာကြက်ကို ကြည့်နေမိသည် ။

"နင့်က ငါ့ညီမမို့ ငါဘယ်တော့မှ လက်လျှော့မှာ မဟုတ်ဘူး "

လူတွေ အကုန်လုံးကို မုန်းလိုက်တာ ...

***

Ep 2

ဒေါက် ... ဒေါက်

အ လုပ်သွားခါနီး ပြင်ဆင်နေတဲ့ ခြူး တံခါးခေါက်သံကြောင့် တံခါး ထဖွင့်လိုက်သည် ။

"ဘာဖြစ်လို့ လဲ သုသု"

"မမလေးကို သူဌေးကြီး ခေါ်နေလို့ ပါ"

daddy ကလား။ ဘာဖြစ်လို့ ပါလိမ့်

"ခဏလောက်စောင့် ဆင်းခဲ့မယ်လို့ ပြောလိုက်"

ခြူး အောက်ရောက်တော့ လှေကားပေါ်က ဆင်းလာတဲ့ ချယ်ကို မြင် သည် ။

"ချယ် အစောကြီး နိုးနေလို့ ပါလား" ခြူးက ပြောလိုက်တော့ နောက်မှ တည်ကြည်ပြတ်သားတဲ့ အသံက ထွက်ပေါ်လာသည် ။

"ဟုတ်တယ် dady ခေါ်ထားတာ။ ဧည့်ခန်းကို လာခဲ့ကျ"

သူမတို့ ရဲ့ daddy ကပြောပြီး ဧည့်ခန်းရဲ့ ဆိုဖာမှာ အရင်ထိုင်လိုက် သည် ။ ချယ်လည်း သူ့daddy ရဲ့ နောက်ကနေ လိုက်သွားလိုက်ပြီး ဆို ဖာထောင့်စွန်းမှာ ဝင်ထိုင်လိုက်သည် ။ တစ်ခုခု မှုမမှန်တာ ခြူးသိသည် ။ ပုံမှန်ဆို သူ့daddy ဒီလို လူစုဖို့ နေနေသာသာ တစ်အိမ်တည်း နေတဲ့

သူ့daddyနဲ့ တွေ့ဖို့ တောင် လိုက်ဖမ်းနေရ၏။ သူမရဲ့ ဆံပင်ကို နားနောက်ကို သပ်တင်လိုက်ပြီး ဧည့်ခန်းထဲ ဝင်လာသည်။

"daddy သမီးတို့ နှစ်ယောက်ကို ပြောစရာ ရှိတယ်"

ချယ် ဆိုဖာရဲ့ ထောင့်စွန်းမှာ ထိုင်ပြီး အသင့်ပါလာတဲ့ လွယ်အိတ်ထဲက စာအုပ်ကို ထုတ်ကာ ဖွင့်ဖတ်ဖို့ ပြင်နေသည်။ သူမရဲ့ အပြုမူကို ကြည့်နေတဲ့ သူမအဖေက

"အထီးကျန် နေတယ်မလား ... ချယ်"

"daddy ပြောစရာ ရှိရင် လိုရင်းကိုပြောပါ။ ခြူး အ လုပ်သွားဖို့ ပြင်ရဦးမယ်"

"ခြူး ... သမီး သွားရမဲ့ company က daddy ပိုင်တဲ့ companyပဲလေ။ ပြီးတော့ သမီးက company ရဲ့ director တစ်ယောက်ပဲ။ ငါ့သမီး ရုံးတက် နောက်ကျလို့ ပြောမဲ့သူ မရှိဘူး"

"daddy ..."

သူမအဖေ စာအုပ် ဖတ်နေတဲ့ ချယ်ကို ကြည့်လိုက်ပြီး တစ်ခုခုကို ပြောဖို့ အားယူလိုက်သည်။

"ချယ်လေး တစ်ယောက်တည်း မဖြစ်အောင် daddy က ချယ်နဲ့ ရွယ်တူတစ်ယောက် အိမ်ခေါ် လာပေးမလို့ "

"daddy ..."

ဧည့်ခန်းထဲ ခြူးရဲ့ အသံက ပိုကျယ်ခဲ့ပေမဲ့ ချယ်ကတော့ လက်ထဲက စာအုပ်ကို ချလိုက်ပြီး သူမအဖေကို ကြည့်လိုက်သည်။

"daddy ဘာတွေ ပြောနေတာလဲ။ စကားကို ဒီထက်ပိုပြီး ရှင်းရှင်း

လေး ပြောပေးပါလား"

"ရှင်းနေတာပဲလေ ခြူး ... daddy နောက်အိမ်ထောင်ပြု တော့မလို့ "

"ဟင့်အင်း ... ခြူး လက်မခံနိုင်ဘူး။ ချယ် လည်း လက်ခံနိုင်မှာ မဟုတ်ဘူး ။ ကျွန်မတို့ အသက်ရှယ်က မိထွေးလည်း မလိုအပ်တော့ဘူး။ ချယ်လည်း အခုချိန်ထိ တစ်ယောက်တည်း နေလာတာ အဖော်လည်း မလိုအပ်ဘူး"

"daddy ခြူး ပြောပြီးသွားပြီနော်။ daddy ရှုပ်ချင်ရင်တောင် အပြင်မှာ ပဲ ရှုပ်ပါ အိမ်ပေါ် တင်မလာပါနဲ့ "

"ခြူးနဲ့ ချယ် ... daddy က မင်းတို့ ဆီမှာ တောင်းဆိုနေတာ မဟုတ်ဘူး ။ နှစ်ယောက်လုံး သိသင့်တယ်ထင်လို့ ပြောပြတာ" ပြောပြီး သူ့ကို စိုက်ကြည့်နေတဲ့ ခြူးနဲ့ ချယ်ကို ကြည့်ကာ စားပွဲပေါ်မှ ကားသော့နဲ့ ဖုန်းယူပြီး ထထွက်သွားသည် ။

"မရဘူး ခြူး လက်မခံနိုင်ဘူး"

"daddy ..."

"daddy ..."

ခြူး သူမအဖေ နောက်လိုက်ကာ ဆက်တိုက် ခေါ်နေပေမဲ့ မကြားချင် ယောင်ဆောင်သွားတဲ့ သူမအဖေကြောင့် ဒေါသက ထွက်လာသည် ။ သူမ အိမ်ထဲ ပြန်ဝင်လာတော့ ဘာမှ မပြောဘဲ အေးဆေးထိုင်နေတဲ့ သူ့ညီမရှေ့ ရောက်သွားပြန်သည် ။

"ချယ် နင်ရောဘာမှ ပြောဘူးလား။ တော်တော်အေးဆေး နေနိုင်တာပဲ" သူ့ပွားတော့မယ် ဆိုတာ သိတာကြောင့် လွယ်အိတ်ထဲ စာအုပ်

ထည့်ကာ လွယ်အိတ် လွယ်လိုက်သည် ။

"အစ်မလည်း ကြားတာပဲ။ daddy က ချယ်တို့ သိသင့်တယ် ထင်လို့ ပြောသွားတာပဲ။ သွားတားလို့ ရနိုင်ပါ့မလား။ ကျွန်မ ကျောင်းသွားပြီ"

ချယ် ကျောင်းသွားမယ် ဆိုတော့ အနားရောက်လာတဲ့ ကားသမား ကို ကြည့်ပြီး"ရတယ်။ ဒီနေ့ ကျောင်းလိုက် မပို့နဲ့ တော့ ကိုယ့်ဘာသာ ပဲ သွားမယ်"

ချယ် ထွက်သွားတော့ ခြူး ပိုစိတ်ညစ်ရသည် ။ daddy ကတစ်မျိုး သူ့ညီမက တစ်မျိုးနဲ့ မို့ သူ စိတ်ဖိစီးရသည် ။ ချယ် ထွက်သွားတော့ ကားသမားကို နောက်ကနေ လိုက်ကြည့်ခိုင်းရသည် ။ ခြူး သူ့ညီမကို တော့ ထိန်းလို့ ရပေမဲ့ သူမ အဖေကိုတော့ ...

"အဟင်း ဟင်း ..."

ချယ်လေး ၁၀နှစ်အရွယ်၊ ခြူးက ယခုလက်ရှိ ချယ်အရွယ်မှာ မိဘ တွေ ကွဲသွားကြပြီး မိခင်ဖြစ်သူက နောက်အိမ်ထောင် ပြုလိုက်သည် ။ မိခင်မှ မိခင်ဖြစ်နေသည့် ချယ်ကို့ အခန်းတံခါး ပိတ်ထားပြီး ချယ်နေ့ တိုင်း သောင်းကျန်း ခဲ့သမျှကို ခံခဲ့ရသေးသည် ။ ဖခင်ဖြစ်သူ ကလည်း အရက်သောက်တွေ သောက် သွားချင်ရာ သွားနေခဲ့ပြီး ပျက်စီးတော့မ ည့် စီးပွားရေးနှင့် တစ်အိမ်လုံးရဲ့ ဒဏ်ကို ခြူးကသာ ခံယူခဲ့ရသည် ။ ၆နှစ်လုံးလုံး ချယ်ရှာသမျှ ပြဿနာတွေနဲ့ ဖခင်၏ ပွေရှုပ်မှုတွေကို သူမတစ်ယောက်တည်း အရွယ်နဲ့ မလိုက်ဖက်အောင် ဖြေရှင်း ခဲ့ရသည် ။ အခုမှ အေးချမ်းရုံပဲ ရှိသေးတဲ့ မိသားစု ဘဝလေးကို ဖခင်ဖြစ်သူက ထပ်ပြီး ဖျက်ဆီးဦးမည်။ ဆိုဖာပေါ်လေးမှာ ခေါင်းတင်ပြီး စိတ်ရှိတိုင်း ငိုကြွေးနေသည့် ခြူးနားကို ဒေါ်ကြီးက ရောက်လာသည် ။

"မငိုပါနဲ့ တော့ ခြူးလေးရယ် ... သမီးလေးလည်း အကောင်းဆုံး

နေနိုင်အောင်သာ ကြိုးစားနေတာ ပဲလေ"

"အဟင်း ဟင်း ..."

"ဒေါ်ကြီးရယ် ခြူးတို့ မိသားစုက ဘာလို့ အခုလိုမျိုး ဖြစ်ရတာလဲ"

***

"မေမေ"

"ဟို ဦးလေးက ဘယ်တော့မှ လာမှာ လဲ"

"ဘာများ ဖြစ်လို့ လဲ သမီး"

"မဟုတ်ပါဘူး သမီးက အဲ့ဦးလေးကို တွေ့ကြည့်ချင်လို့ ပါ။ ပြီး တော့ မေနဲ့ ဘယ်လိုတွေ့တာလဲ။ မေ့ကို ဘယ်လို မြင်လဲလို့ ပေါ့ မေရဲ့ ။ နည်းနည်းပါးပါးတော့ အင်တာဗျူး ကြည့်ရမှာ ပေါ့"

"မေ့ရဲ့ သမီးကတော့လေ။ ဒီလိုရှိတယ် သမီးရဲ့ အဲ့ဦး ဆီမှာ လည်း သမီးနှစ်ယောက် ရှိတယ်လေ။ မေရဲ့ သမီးလိုမျိုး သူတို့ ရဲ့ ဆန္ဒလည်း ရှိသေးတယ်"

"ဒါဆို အဲ့ဦးဆီမှာ သမီး နှစ်ယောက်တောင် ရှိတယ်ပေါ့"

"ယေး ... ။ ပျော်လိုက်တာ တစ်ခါမှ မရဖူးတဲ့ ညီမတွေရပြီ"

"မေမေ ... သမီးဒီနေ့ ကျောင်းမသွားတော့ဘူး"

"ဘာဖြစ်လို့ လဲ နေမကောင်းလို့ လား"

"မဟုတ်ပါဘူး။ ချို အဝတ်စား သွားဝယ်ချင်လို့ ပါ မေမေ"

"ဟီးဟီး ...

"အေးပါအေးပါ သမီးသဘောပါပဲ။ သမီး ဂရုစိုက် သွားဦးနော်"

"ဟုတ်ကဲ့ပါမေ့ ..."

***

ခြူးအတွက် ဆိုပြီး ပြင်ပေးလိုက်တဲ့ ထမင်းပွဲက နည်းနည်းလေးမှ လျော့မလာတာကြောင့် ဒေါ်ကြီးက တစ်ယောက်တည်း ရှိတဲ့ သုသုကို စိုက်ကြည့်လိုက်သည် ။ မိသု ပြန်ယူလာတဲ့ ထမင်းပွဲကို စားပွဲခုံပေါ် တင်လိုက်သည် ။

"မမခြူးက မစားချင်ဘူး ဆိုလို့ ပြန်ယူလာတာပါ ဒေါ်ကြီးရဲ့ ။ အင်း ပေါ့လေ မမလေးလည်း မနက်က ကိစ္စကြောင့် ဘယ်စားဝင် ပါ့မလဲ"

"အခုတောင် မသာမယာ ဖြစ်နေတာ အိမ်ပေါ်ကို တခြားလူ ခေါ် တင်လာမယ် ဆိုတော့ မိသုလေ စိတ်ပူမိတယ်။ နောက်လာမဲ့သူ ဘယ်လို ပုံစံလည်း မသိဘူး။ မမလေးချယ် ကလည်း ဘာမှ မပြောသွား ဘူးနော်။ မမလေးချယ်က ဘာမှ စိတ်မဝင်စား သလိုပဲ"

"ဟဲ့ ... သုသု။ နင့်ကလေ နင်နဲ့ လည်း မဆိုင်ဘဲ ဘာတွေ လျှောက် ပြောနေတာလဲ။ မမလေးခြူး ကြားသွားရင် အလုပ်လည်း ပြုတ်သွား ဦးမယ်"

"အခြားလူကို စိတ်မပူခင် နင့်ကိုနင် စိတ်ပူ ဒီနေ့ အိမ်သန့်ရှင်းရေး မ ပြီးရင် ထမင်းမစား ရဘူး"

"ဟင် ... ဒေါ်ကြီးကလည်း "

ခြူး ထမင်းမစားဘူး ဆိုလို့ ထမင်းပွဲ ပြန်သယ်သွားတဲ့ ဒေါ်ကြီးက ချယ်အခန်း ရှေ့ရောက်စဉ် ကြားနေရတဲ့ အသံကြောင့် နှုတ်ခမ်းများ တွန့်ချိုးသွားသည် ။

"ဟယ်လို ... ချယ် ဘယ်ရောက်နေပြီလဲ"

"centre ထဲရဲ့ မုန့်ဆိုင်မှာ စာအုပ်ထိုင် ဖတ်နေတယ်"

"..."

"ဝါး ..."

"အပြင်မထွက်တာ ကြာလို့ လား မသိဘူး ပင်ပန်းလိုက်တာ"

"အင်း ... ချို ။ ငါတို့ ဝယ်တာတွေ များ နေပြီ တစ်ခုခု သွားစားရအောင်"

"အင်း" ပါးချိုင့်လေး နှစ်ဝင်သွားမတက် ပြုံးပြပြီး ခေါင်းညိတ်လိုက်တဲ့ ချိုက နောက်ပြန်လျှောက်ပြီး သူ့သူငယ်ချင်းကို နောက်ပြောင်နေသေးသည် ။

"နောက်ပြန် မလျှောက်နဲ့ လေ ချို လူတွေကို ထိခိုက်မိမယ်"

"ဟုတ်ကဲ့ မမလေး။ ဟုတ် ... ချယ် အခု အပြင်ထွက် လာပါပြီ"

ထိုအချိန်မှာ မုန့်ဆိုင်ကနေ ထွက်လာသော ချယ်က မှန်တံခါးကို ဆွဲဖွင့်လိုက်သည် ။

တစ်ဖက်မှာ တော့ ချိုရဲ့ သူငယ်ချင်းက နောက်ပြန် မလျှောက်ဖို့ ပြောသဖြင့် ချို တစ်ယောက် အရှေ့ဘက်ကို ပြန်လှည့်လိုက်ရာ မုန့်ဆိုင်ထဲက ထွက်လာတဲ့ ချယ်နဲ့ တိုက်မိသွား၏။ ပခုံးချင်း တိုက်မိသွားတာမို့

ထိမိတဲ့ အသံပါ ထွက်ပြီး ချယ်က အရှောင်မြန်ပေမဲ့ သူမရဲ့ တစ်ခြမ်းပဲ လွယ်အိတ်က ချိုရဲ့ ဆံပင်ရှည်ကြီးတွေ နဲ့ မှ ငြိမိ သွားသေးသည် ။

"အား ... "

"နာလိုက်တာ ... ဖြူ ။ ဖြူဇင်ရေ လုပ်ပါဦး ငါ့ဆံပင်"

တစ်ဖက်မှာ တော့ ခြူးနဲ့ ဖုန်းပြောနေတဲ့ driver က ချယ်ကို တွေ့ သွားသည် ။

"မမလေး"

"ဘာဖြစ်တာလဲ"

"ချယ်လေး လူတစ်ယောက်နဲ့ တိုက်မိ သွားလို့ ပါ"

"ချယ် ဘာဖြစ်သွားသေးလဲ"

"ဘာမှ မဖြစ်ဘူး မမလေး ချယ် လွယ်အိတ်နဲ ကောင်မလေးရဲ့ ဆံပင် ငြိသွားတာပါ။ ကျွန်တော် သွားကြည့် လိုက်ပါဦးမယ်"

"အား ... နာတယ်။ ဖြူဇင်ရေ မြန်မြန်လုပ်ပါ"

"စိတ်ရှုပ်လိုက်တာ ... ငြိမ်ငြိမ်နေရင် ငါလုပ်ပေးမယ်" ချယ် သူမရဲ့ ငြိသွားတဲ့ ဆံပင်ရှည်တွေကို ဖြုတ်ပေးနေစဉ် သူမရဲ့ အကြည့်တို့ က ချိုရဲ့ အကြည့်တွေဆီ ရောက်သွားသည် ။ သူမရဲ့ မျက်ဝန်း ဝိုင်းဝိုင်းတွေ ဆီကို စိုက်ကြည့်လိုက်စဉ် ခံစားချက် တစ်ခုက ဖြတ်ပြေးသွားသည် ။ နီးကပ်လွန်းတဲ့ အနေထားမှာ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်မိရင်း ရတ်တရက် ရင်ဘတ်ထဲ နွေးထွေးသွားသည် ။

ချက်ချင်းပင် ချယ်စိတ်ကို ဆွဲဆောင်နေတဲ့ သူမရဲ့ စွဲမက်ကောင်း တဲ့ အကြည့်တို့ ကို ရှောင်ဖယ်သွားစေတဲ့ သူက ဖြူဇင်ထွန်း။ သူမဆံ

ပင်ကို ဖြုတ်ပြီးပြီးချင်း အကြည်စိုက် မိသွားတာကို ဖြူဇင်ထွန်းက ချို ရဲ့ လက်မောင်းကို ဆွဲပြီး သူ့ဘက်ရောက်အောင် ပြန်ဆွဲလိုက်တယ်။ ရ တ်တရက်မို့ နှစ်ယောက်လုံး ပျာပျာလဲလဲ ဖြစ်သွားသည် ။ သူ့ သူငယ်ချင်းရဲ့ အပြုမူကြောင့် သူတို့ နှစ်ယောက်လုံးကို အကြည့်လွှဲပြီး လွယ်အိတ်ကို သေချာပြန်ပြင် လွယ်လိုက်သည် ။ စကားပိုတွေ ပြောနေ ရမှာ ကြောင့် ကိုယ့်ဖာသာ ပြန်လျှောက်သွားတော့မှ မြင်ဖြစ်အောင် မြင်လိုက်သေးတဲ့ ကျွန်မအကြည့် တွေက သူမရဲ့ သူငယ်ချင်း တွဲထား တဲ့ လက်ကို ဖြုတ်ချပြီး ကျွန်မရှေ့ကို ရောက်လာတဲ့ သူမက လက်အုပ် လေးချီကာ ကျွန်မကို မတော်လို့ ဆိုပြီး တောင်းပန် နေပြန်သည် ။

"အစ်မ sorry ပါနော်။ ချို လမ်းကိုနောက်ပြန် လျှောက်လိုက်မိလို့ "

ကျွန်မ ရှေ့ရောက်လာတဲ့ သူမကို စိုက်ကြည့်မိပြန်စဉ် အနား ထပ် ရောက်လာတဲ့ သူ့သူငယ်ချင်းက "ချို နင်ဟာလေ ... အမြဲ နမော်နမဲ့နဲ့ ဘာဖြစ်သွားသေးလဲ"

"ဟင့်အင်း ။ ငါ ဘာမှ ဖြစ်ဘူး"

အရမ်းကြီး မထူဘဲ ဖူးဖူးလုံးလုံးလေး ဖြစ်နေတဲ့ သူမနှုတ်ခမ်းက သူ့ သူငယ်ချင်းကို ရယ်ပြပြီး ဘာမှ မဖြစ်ဘူးလို့ ပြောနေတဲ့ ပုံကလည်း အရ မ်းကို တစ်မျိုးဆန်သည် ။ သူမရဲ့ ဒူးဖုံးဂါဝန်လေး၊ မျက်ဝန်း ဝိုင်းဝိုင်း လေး၊ သူမရဲ့ ဆံပင်ရှည်ကြီး တွေကို တစ်ခဏ စိုက်ကြည့်မိပေမဲ့ အချိန် အကြာကြီး စိုက်ကြည့် မိသလိုပင်။ ဘေးပတ်ဝန်းကျင် ကိုတောင် မေ့ နေပြီး သူမကို စိုက်ကြည့် မိနေတာ အိမ်မှ ကားသမား ဘေးနား ရောက်လာတောင်မှ မသိလိုက်။

"မမလေး"

အနား ရောက်နေတဲ့ ကားသမား ချယ်ကို ခေါ်လိုက်မှ သတိဝင်သွား

ပြီး သူမတို့ ကို အကြည့်လွှဲကာ ထိုနေရာမှ လှည့်ထွက်သွား၏။

စပို့ရှပ် အင်္ကျီ အဖြူနှင့် ဒူးအထက် စကပ်နက်ပြာလေး ဝတ်ဆင်ထားတဲ့ သူမက လွယ်အိတ်ကို ဘေးတစ်ခြမ်း လွယ်ကာ သူမတို့ ကို ဂရုမစိုက်တဲ့ ပုံနဲ့ လှည့်ထွက်သွားတဲ့ ချယ်ကို ချို ကြည့်နေမိသည် ။

"ချို ဘာတွေ အဲ့လောက် ကြည့်နေတာလဲ။ လာ ... သွားမယ်"

"အင်း"

***

"မမလေး ကားပေါ်တက်ပါ"

"ဘာလို့ နောက်က လိုက်လာတာလဲ"

"မမလေး ခြူးက ..."

"shit ... တော်ပြီ မပြောနဲ့ တော့" စိတ်တိုသွားတဲ့ ချယ်က driver ဖွင့်ပေးတဲ့ ကားပေါ် တက်သွားသည် ။ တံခါးပေါ် လက်ထောက်ပြီး အပြင်ဘက်ကို အကြောင်းမရှိဘဲ ငေးကြည့် နေမိသည် ။ centre ထဲကို ငေးကြည့်နေမိရင်း ခုနက အကြောင်းတွေက ခေါင်းထဲ ပေါ်လာသည် ။

သူမ ဆံနွယ်လေးက အရှည်ကြီးပဲ နောက်ပြီး သူနဲ့ လည်း တစ်ခါမှ မဆုံဖူးဘဲ အခုနက ဖြစ်သွားတဲ့ ခံစားချက်က ဘာလဲ။ ငါ့စိတ်ထဲမှာ ဘာလို့ အခုလိုမျိုး ဖြစ်သွားရတာလဲ။ မသေချာပေမဲ့ သူဘေးနားက တစ်ယောက်ကို သဘောမကျဘူး။ မျက်လုံးဝိုင်းဝိုင်းနဲ့ ကောင်မလေး ... ချို။ ချိုတဲ့ လား နာမည်နဲ့ လူနဲ့ လိုက်တယ်။ စဉ်းစားနေရင်း ကနေ နူ

တ်ခမ်းလှုပ်ရုံ ရယ်မိလိုက်မိသည် ။

ဟင် ...

သူမ တစ်ခုခုကို သတိရသွားဟန်နှင့် မေးစေ့ကို ထောက်ထားသော လက်ကို ဖြုတ်လိုက်ပြီး ငါဘာလို့ မိန်းကလေး တစ်ယောက်ကြောင်း တွေးနေတာလဲ။ တော်ပြီ မစဉ်းစားနဲ့တော့။

မီးနီကြောင့် ကားရပ်သွားသဖြင့် သူမ လွယ်အိတ်ထဲက စာအုပ်ကို ထုတ်ကာ စာအုပ်ဖတ်ရန် ကြိုးစားပေမဲ့ အပြင်ဘက်ကို မျက်လုံး ရောက်သွားတော့ တစ်ဖက် ပလက်ဖောင်းမှာ မြင်နေရတဲ့ လူနှစ်ယောက်ကို ကြည့်ပြီး လက်က လက်သီး အလိုလို ဆုတ်သွားမိသည် ။

"ပြည့်ဖြိုးအောင် သားလိုတာ ရှိသေးလား။ မရှိတော့ရင် သားအဖေကို လာကြိုခိုင်း လိုက်တော့မယ်"

"မရှိတော့ဘူး အန်တီ" လက်ထဲက ဝယ်လာတဲ့ အထုပ်ကို တစ်ဖက်ကိုပြောင်းပြီး ပွဲ့မိလို့ ရပ်နေရတဲ့ ကားတန်းရှည်ကြီးကို ကြည့်လိုက်စဉ် သူတို့ နဲ့ မတိမ်းမယိမ်းနား ရပ်နေတဲ့ ကားပေါ်ကနေ သူတို့ နှစ်ယောက်ကို ကြည့်နေတဲ့ ချယ်ကို မြင်လိုက်သည် ။ ချယ်ကိုမြင်တော့ နှုတ်ကနေ သူမနာမည် ရေရွတ်လိုက်သည် ။

"ချယ် ... "

ပြည့်ဖြိုးအောင် ရေရွတ်လိုက်တဲ့ နာမည်ကြောင့် ဖုန်းပြောနေရင်း ကားရှိရာဘက်ကို လှည့်ကြည့်မိရာ သူ့အရမ်း လွမ်းနေရသော သူ့သမီးလေး ... ပြောနေသော ဖုန်းကို ချလိုက်ကာ ချယ်လို့ ခေါ်လိုက်ပြီး ကားနားကို တိုးလာသည် ။

ထိုအချိန်မှ စိမ်းသွားသော မီးပွိုင့်လေးနဲ့ အတူ သူမကားလေးလည်း

ထွက်သွားသည် ။

"ချယ် ... သမီးလေး"

ထိုအမျိုးသမီး ခြေလှမ်းတွေက အမြန် လှမ်းခဲ့ပေမဲ့ မောင်းသွားတဲ့ ကားလေးမှာ တော့ အချိန်တစ်ခဏ အတွင်းမှာ ပဲ သူ့မျက်ဝန်းထဲ ကနေ ပျောက်ကွယ်သွားသည် ။ ဝဲတက်လာတဲ့ မျက်ရည်တွေကြောင့် ကား လမ်းမပေါ် ရောက်နေတာတောင် သတိမထားမိ မြင်ကွင်းထဲ ပျောက်ကွ ယ်သွားတဲ့ ကားနောက်ကိုသာ လိုက်နေမိသည် ။ သူ့အာရုံထဲ လက်ရှိ အချိန်ကို လုံးဝ မေ့ပျောက်သွားပြီး နောက်ကနေ သူ့လက်မောင်းကို ဖ မ်းဆွဲလိုက်တဲ့ ပြည့်ဖြိုးအောင် ကြောင့် သာ သတိပြန်ဝင် လာ၏။

"အန်တီ ဘယ်အထိ သွားမှာ လဲ။ အန်တီရဲ့ သမီးတွေကို တစ်ကြိမ် လောက်တော့ သွားတွေ့လိုက်ပါလား"

"တော်ပါပြီ သားရယ်။ အန်တီ သွားတွေ့ရင်တောင် သူတို့ က မ တွေ့ချင်လောက်ပါဘူး။ အခုဆို သူတို့ က အန်တီကို တော်တော် မုန်း နေလောက်ပြီ"

"မာမီ ..."

အနောက်ကနေ သူမာမီ အမြန်လိုက်လာခဲ့တာ သိပေမဲ့ ချယ် မမြင်ချ င် ယောင်ဆောင်ခဲ့သည် ။ ချယ် သူ့မာမီကို အရမ်းချစ်သည် ။ ဒါပေမဲ့ သူ့ကိုထားပြီး ထွက်သွားတာကြောင့် စိတ်နာသည် ။ မာမီ ထွက်သွား မှာ ကို သိရက်သားနဲ့ မတားတဲ့ daddy ကိုလည်း မုန်းတယ်။ မာမီ နောက်လိုက် သွားဖို့ လုပ်ခဲ့တာကို မသွားစေဖို့ အခန်းတံခါး ပိတ်ထားခဲ့ တဲ့ အစ်မကိုလည်း မုန်းတယ်။ ကျွန်မ မုန်းတယ်။ မိသားစု ဆိုတာကြီး

ကို အရမ်းမုန်းတယ်။ ပြည့်ဖြိုးအောင် နင့်ကိုလည်း မုန်းတယ်။ ငါတို့ မိသားစုကို ဖျက်ဆီးခဲ့တဲ့ နင့်အဖေကို မုန်းတယ်။

ဒီနေ့ မြင်တွေ့ ခဲ့ရတာကြောင့် ရင်ထဲ မကောင်းသလို ဖြစ်နေပြီး အိမ်ပြန် ရောက်ရောက်ချင်း ဒေါ်ကြီးက အိမ်ဝကနေ ဆီးကြိုကာ ပြောလိုက်သော စကားကြောင့် ကျွန်မရင်ထဲ ပူလောင်ရပြန်သည် ။

"ချယ်လေး ... ခြူးကို သွားကြည့်လိုက်ပါဦး။ ခြူး နေမကောင်း ဖြစ်နေတယ်"

"သူ့ကို ဆေးခန်းသွားပြ ခိုင်းလိုက်ပေါ့။ ဒေါ်ကြီးက ပြော လိုက်လေ ဒေါ်ကြီးပြောရင် သူနားထောင်တာပဲ"

"ဒေါ်ကြီးပြောတာ နားမထောင်ဘူး။ အစားလည်း ကျွေးမရ၊ ဆေးလည်း တိုက်လို့ မရ ချယ်လေးသာ သွားပြောလိုက်ရင် ရမှာ ပါ"

"ပြီးရော ပြီးရော ... သွားကြည့်လိုက်ရင် ရတယ်မလား"

ဆန်ပြုတ် ပန်းကန်နဲ့ အတူ ဆေးပါယူလာတဲ့ ချယ်က သူ့အစ်မ အခန်းတံခါးကို ဖွင့်ပြီး ဝင်လာသည် ။ ခွေခွေလေး အိပ်နေတဲ့ သူ့အစ်မကို ကြည့်ပြီး စားပွဲပေါ်မှာ ဆန်ပြုတ်ပန်းကန်ကို ချလိုက်တော့ မြည်သွားတဲ့ အသံကြောင့် ခြူး နိုးလာသည် ။

"ချယ်"

"နင့်က နေမကောင်းတာတောင် ငါ့ကို စောင့်ကြည့်နိုင်တာပဲ"

"အစ်မက ချယ်ကို စိုးရိမ်လို့ ပါ။ ဆန်ပြုတ်က ချယ် ယူလာတာလား"

"အင်း ... ဆေးပါ သောက်လိုက်"

"အင်း ညီမလေး ... အစ်မ ပြောတာတွေကို စိတ်ထဲ မထားပါနဲ့ ။ daddy ကို အစ်မ ပြောလိုက်ပါမယ်"

"daddy ကိစ္စကို သဘောတူ ပေးလိုက်ပါ ချယ်ကဘာမှ မဖြစ်ပါဘူး"

"ဒါပေမဲ့ ချယ် ...

"မဟုတ်ရင် ... daddyက ညီမတို့ ကို စွန့်ပစ်သွားလိမ့်မယ်"

"ချယ်ရယ် ...

***